# Bibliographic Data

| | | | | |
|---|---|---|---|---|
| **Author** | ဇော်ဂျီ | Zawgyi | Jo‘ gyi¯ | **Art.** ZG0014 |
| **Article Title** | ရွှေမောင်းသံ<br>The Sound of Golden Gone<br>Rhve mon‘" sam | | | |
| **Title (Book/Serial)** | ဆရာဇော်ဂျီ စာပေါင်းချုပ် ပထမတွဲ<br>Collected Works of Saya Zawgyi, Vol.1 | | | |
| **Issue and Volume** | | | | |
| **Edition** | | | | |
| **Place/ Publisher** | Union of Myanmar Literary and Journalist Organization | | | |
| **Distributor** | | | | |
| **Ed. Date** | 1993 | | | |
| **Pagination** | p. 183 - 196 | | | |
| **Annotation** | This play was performed in 1933 for the Myoma school fund. It was written as a drama within King Alaungpaya court as he organized his nation to prepare an attack on Thailand. | | | |
| **Subject Terms** | 1. Myanmar Drama | | | |
| **Key Words** | | | | |

# ရွှေမောင်းသံ

## (တစ်ခန်းရပ်)

### ဇာတ်ဆောင်သူများ

ဦးရာကျော် = အသက် ၅၅ နှစ်ဆယ်ကျော် အဘိုးအို

မယ်ထွေး = ဦးရာကျော်၏ မြေး အပျိုမ

မောင်သော် = မယ်ထွေး နှင့် ဦးရာကျော်တို့၏ မိတ်ဆွေ

မောင်ပန်းညို = မယ်ထွေး၏ ရည်းစား

### အချိန်

အခါမှာ သက္ကရာဇ် ၁၁၂၁ - ခုနှစ်၊ အလောင်းမင်းတရား ထိုင်းသို့ ချီတော်မူရန် ပြင်ဆင်နေသော အခါဖြစ်သည်။

### နေရာ

နေပြည်တော် ရွှေဘိုရှိ ရပ်ကွက် တစ်ခု၊ အိမ်ငယ်ရှေ့တွင် ဖြစ်သည်။

### ဇာတ်ကွက် ၁

[အိမ်ငယ်ရှေ့ ကွပ်ပျစ် တစ်ခု ဝယ် ခေါင်းရင်း ပိုင်း၌ အဘိုးအို ဦးရာကျော် လက်ဖက်ရည်သောက်နေစဉ်၊ ခြေရင်းပိုင်း၌ မြေးမယ်ထွေး ချား လှည့် လျက် နေ စဉ်။ အိမ်၏ ခြေရင်း၌ သစ်ပင် ငယ် တစ်ပင် ရှိသည်။]

ကားတွင်းမှ မောင်းသံ....ဒူ....၊

မယ်ထွေး။ ။" အဘ၊ မောင်း သံ ပါလား"

ဦးရာကျော်။ ။"အေးဟဲ့၊ နေဝမ်း။ နန်းမြို့တော်ဆီက ထင်တယ်"

ထွေး။ ။ပဲခူးသားတွေများ တက်လာ ပြန်သလား"

ကျော်။ ။"ဟယ်.... မယ်ထွေးကလဲ၊ ထောက်တီးတောက်တဲ့၊ ဘယ်က ပဲခူးသား တွေ တက်လာရမှာလဲ၊ မနှစ်ကပဲ ဟံသာဝတီ ကို အောင်ပြီးခဲ့တာ။ ပဲခူးသားတွေ မဟုတ် နိုင်ပါဘူး။ အလောင်းမင်း ထွက်တော်မူလို့ ဖြစ်ပါလိမ့်မယ်။ (ဦးရာကျော် လက်ဖက်ရည် တစ်ခွက် ငှဲ့သောက်လိုက်စဉ်မယ်ထွေးသည် သက်သာရာရသောမျက်နှာဖြင့် ချားလှည့်မြဲ လှည့်နေပြန်စဉ်။)

ကားတွင်းမှမောင်းသံ....ဒူ....။

ထွေး။ ။"ဟော..., ပဲခူးသားတွေက ပေမယ့်၊ မာ ယာ အများသား၊ ဘ ဘ ရဲ့၊ သူတို့က အင်းဝကို တစ်ခါ နိုင်ဖူး တာ နဲ့

သွေးကြပြီး နောက်ထပ် တက်လာချင်လျှင် တက်လာမှာ”

ကျော်။ ။“ပြော်....ငါ့မြေးကလည်း ပဲခူးသားတွေကို လူဟုတ်မှတ် နေတာ ကိုး ကွယ့်။ ဗိုလ်ရှေ့ဘိုကို သင်းတို့ မလှန်ရဲတော့ ပါဘူးဟ။ သင်းတို့ဘစ်တွေဟာ ဘုရားမှန်း မသိ၊ တရားမှန်း မသိ၊ သံဃာမှန်း မသိ၊ အင်းဝကိုဝင်တိုက်တုန်းကများ သင်းတို့ဟာ ဘုရားတန်ဆောင်း ကျောင်းတွေကိုတောင် မီးတိုက်ပစ်တယ်၊ ဘဘငယ်ငယ်ကနေခဲ့တဲ့ မှန်စီကျောင်းကြီးဟာ ပြာကိုကျသွားတာပဲ၊ သာသနာကို မရိုသေလျှင် သင်း တို့ ဘယ် ခုတော့မှ မကြီးပွားနိုင်ပါဘူးဟဲ့”

[မြေးအဖိုးငြိမ်သက်နေကြပြန်စေ၊]

ကားတွင်းမှ မောင်းသံ....ဒူ....။

ထွေး။ ။“ဓဟာ.... စစ်များ တိုက်ကြ ဦးမှာလား ဘဘရယ်”

ကျော်။ ။(အနည်း ငယ် ပြုံး လျက်) “ငါ့မြေးမှာလည်း အ ခါ ဆိုးကြီးထဲမှာ ကြီးပြင်းလာရလို့ မောင်းသံကြားတိုင်း စစ် တိုက်မယ်လို့ ချည့် ထင် နေ သကိုးကွယ့်၊ မင်းဆိုတာမျိုးဟာ အခမ်းအနားအဆောင် အယောင်နဲ့ ထွက်တော်မူ တဲ့ အ ခါ စည် များ မောင်းများကို တီးခတ်ရတယ်။ အခု မောင်းတီးတာဟာ အလောင်းမင်း မဟာ နန္ဒာကန်ကို ထွက်တော်မူမယ်လို့လားမှ မသိဘဲ”

ထွေး။ ။“မဟာ နန္ဒာ ကန်ကို ထွက် တော်မူလျှင်ဖြင့် ကောင်းပါရဲ့ ဘဘရယ်၊ စစ်တိုက်များထွက်လျှင်ဖြင့်....”

ကျော်။ ။“ကဲ.... ကဲ ဘဘ သွား စုံစမ်းလိုက်မယ်၊ ငါ့မြေးနေရစ်” (ဦးရာ ကျော် ကွပ်ပျစ်မှဆင်းစေ၊)

ထွေး။ ။(အဖိုးနောက်သို့လိုက်ရင်း) “အထွေး မနေရစ်ပါဘူး၊ ဘဘနဲ့ အတူ လိုက်မှာပေါ့”

ကျော်။ ။(တန့်၍၊ လှည့်ကြည့်ရင်း) “အောင်မယ်လေးဟဲ့၊ ငါ့မြေး ကလည်း သွေးပျော့လိုက်တာ၊ ရှေ့ဘိုသူပိုပို သတ္တိရှိ စမ်းပါကွယ့်၊ နေရစ်ပါ”

(ဦးရာကျော်သည် ပြောပြောဆိုဆိုနှင့် ရှေ့သို့လှမ်းတော့မည်ပြုစေ။)

× ×

## ဓာတ်ကွက် ၂

(မောင်သော်ထွက်လာစေ၊ ထွားကျိုင်း သောအရပ်အမောင်း နှုတ်ခမ်းမွေးကောင်း ကောင်း၊ သျှောင်တစောင်းနှင့်၊ တရုတ်ပုံ ရင်ဖုံးအင်္ကျီနှင့်၊ မဲပုဆိုးနှင့်၊ ဓားကိုလွယ် လျက်၊ အောက်ပါသီချင်းကို သီဆိုလျက်။)

သော်။ ။“မမလေးရယ်တဲ့ နှင်းဆီခိုင်၊ တစ်ဆိတ်စာ မောင်ကိုင်ရလျှင်၊ ကူးနိုင်ရဲ့ လေး၊ အမယ်....ဘဘ။ ဘယ်လဲဘဘရဲ့”

ကျော်။ ။“ဟဲ့....မောင်သော်”

ထွေး။ ။“ဟော ကိုကြီးသော်”

ကျော်။ ။ဟေ့ မောင်သော်၊အတော် ပဲဟေ့၊ နန်းမြို့တော်ဆီက မောင်းသံဟာ ဘာ အကြောင်းတဲ့ လဲကွယ့်။ ဟင်....မင့် မှာလည်းဓားကြီးလွယ်လို့ပါလား၊ ဘာဖြစ် ကြပြန်တာလဲမောင်သော်ရ”

ထွေး။ ။“ဟုတ်တယ်၊ ဟိုမောင်းသံ ဟာ ဘာအကြောင်း ထူးပြန်လို့လဲ ကိုကြီး သော်ရဲ့၊ ကိုကြီးတို့စစ်တိုက်ထွက်ကြဦးမလို့ လား”

သော်။ ။“ဘတို့၊ မယ်ထွေးတို့က တယ် အိမ်ကပ်တာကိုး၊ နေစမ်းပါဦး၊ ဒီကနေ့ လပြည့်ကျော် ၆–ရက်၊ နောက် ငါးရက်လို တော့တယ်၊ ၁၁ရက်နေ့မှာ အလောင်းမင်း ရန်ကုန်ကို စုန်တော်မူမယ်၊ အဲဒါ ဒီမနက် ကစပြီး၊တပ်သားဟောင်းတွေကိုအလောင်း မင်းကိုယ်တော်တိုင် ပြန်လည်သိမ်းသွင်းနေ တယ်၊ ထို....နန်းမြို့တော် အတွင်းမှာ ပျော်

လိုက်ကြတာ၊ ဆူညံနေတာပဲ၊ ဘတို့၊ မယ်ထွေးတို့က တယ်အိမ်ကုဝ်တာကို။"

ကျော်။ ။"အေးလကွယ်....ဘဘတို့မှာမြေးအပိုးနှစ်ယောက်တည်းမို့ ဘယ်ကိုမှ မသွားဖြစ်၊ မထွက်ဖြစ်ဘူးကွ။ အနို့....နေပါဦး။ တို့အလောင်းမင်းက ဘာလုပ်ဖို့ အောက်ပြည် အောက်ရွာကို စုန်မှာလဲ....မောင်သော်ရဲ့။ ထိုင်ဦးလကွယ်။ လက်ဖက်ရည် သောက်ပါဦး" (ဦးရာကျော်သည် မောင်သော်၏ လက်မောင်းကို ကိုင်၍ ကွပ်ပျစ်ဆီသို့ ခေါ်လာစေ၊ ထိုင်စေ၊ မောင်သော်ကို အထိုင်ခိုင်းစေ။ လက်ဖက်ရည်ငွဲပေးစေ၊ မယ်ထွေးသည် ကွပ်ပျစ်သို့ ပြန်လာစေ။ လက်ဖက်ရည်ဝိုင်းအနီး၌ အံ့ဩမေးမြန်းလိုသော မျက်နှာဖြင့် ထိုင်စေ၊)

ကျော်။ ။"ရော့ကွာ.... သောက်လိုက်ပါဦး"

သော်။ ။(လှမ်းယူ သောက်လိုက်ပြီးနောက်) "ဒီလို ဘရဲ့။ အလောင်းမင်း စုန်မယ့်အကြောင်းကတော့ ဒဂုံဆံတော်ရှင်မှာ ထီးချရားသီးကစပြီး ဖိနပ်တော်အထိ ရွှေချဖို့ရယ်၊ နောက်ပြီးတော့ မုန် တန်ဆောင်းများကိုလည်း ရေစက်သွန်းချ လှူဒါန်းဖို့ပါပဲ၊ အဲဒါ တပ်သားဟောင်းတွေကို ပြန်ပြီး သိမ်းသွင်းနေတယ်၊ ကျွန်တော်တော့နာမည် ပေးခဲ့ပြီးပြီ ဘရေ့၊ ကျွန်တော်ကလဲ ရန်ကုန်ကို သွားချင်နေတာနဲ့ အလောင်းမင်းကလဲ စုန်တော်မူမှာနဲ့တော့ အံကိုက်ကိုက်နေတာပဲ"

ကျော်။ ။"အေး.... ကောင်းပေ့ကွယ်။ ကောင်းပေ့။ အလောင်းမင်းတို့များတယ်ကုသိုလ်ထူးသကိုးကွယ်။ ဒဂုံဆံတော်ရှင်ဆိုတော့ ဘုရားလေးဆူရဲ့ မွေတော်ဓာတ်တော်များကို စုပြီး ဌာပနာထားတဲ့ စေတီတော်ကြီးကိုးကွယ့်။ ဒီလို စေတီတော်ကြီးမှာ ကုသိုလ် ပြုရတယ်ဆိုလျှင် တို့အလောင်းမင်း ဘုန်းတော် သမ္ဘာတော်တက်ဦးမှာပေါ့။ တို့အလောင်းမင်း ဘုန်းကြီးတော် မူပါစေကွယ်။ ဘုန်းကြီးတော်မူပါစေ။ ဒါမှလဲ တို့သာသနာတော်ကြီး စည်ကားမှာကိုးကွယ့်"

သော်။ ။"ဟား.... အလောင်းမင်း ဘုန်းကြီးတာကိုတော့ ပြောဖို့ မလိုပါဘူး ဘရယ်။ (ထိုင်ရာမှထလျက်) ကြည့်စမ်း၊ အခု ၇ နှစ်၊ ၈ နှစ် အတွင်းမှာ အင်းဝကို ဗညားဒလ လက်ထဲက ပြန်သိမ်းနိုင်တယ်၊ ဟံသာဝတီကိုလည်း ပြန် သိမ်း နိုင် တယ်၊ မဏိပူရကသည်းပြည် ကို လည်း အောင် ခဲ့တယ်၊ နောက်ပြီးတော့ကျွန်တော်တို့ရဲ့မုဆိုးဖိုရွာကလေးဟာလည်း၊ အခု ရန်ကြီးအောင်ကုန်းဘောင်ရွှေပြည်ကြီး ဖြစ်နေပါပမွကော လား၊ ဘဘရဲ့၊ မြို့ရိုးကြီးလည်း ဆောက်ပြီးပြီ။ မုံးမြစ်ကိုလည်းဖောက်ပြီးပြီ။ မဟာနန္ဒာကန်ကိုလည်း၊ ဆည်ပြီးပြီ။ မြို့လယ်ဘုရားကြီးကိုလည်း၊ တည်ပြီးပြီ။ ကိုင်း ဘာလိုသေးသလဲ၊ ကျန်သေးတဲ့ အပျက်အစီးတွေကို ပြင်ပြီးလျှင် ရောဝတီမြစ်စဉ်တစ်လျှောက်၊ အထက်အောက် ကျွန်တော်တို့နိုင်ငံတော်ကြီးဟာ စည်ကားဖွံ့ဖြိုးပါတော့တယ်၊ ကျွန်တော်တို့ တစ်တွေလည်း အေးအေးချမ်းချမ်း နေရတော့မှာပေါ့ ဘဘရဲ့"

ထွေး။ ။(ငေး၍ နားထောင်နေရာမှ) နေစမ်းပါဦး၊ ကိုကြီးသော်ရဲ့၊ ဘုန်းတော်ကြီးဘုရားက ဘုရားဖူး စုန်တော်မူမယ်လည်းဆိုရဲ့။ တပ်သားတွေကိုလည်း ဘာဖြစ်လို့ စုနေရတာလဲ"

ကျော်။ ။"အေး.... ဟုတ်သပေ့။ ငါ့မြေးမေးတာ ဟုတ်သပေ့။ ဘုရားဖူး စုန်တော်မူမှာ ဟာပဲ၊ ဘာဖြစ်လို့ တပ်သားတွေကိုစုရတာလဲကွယ့်"

သော်။ ။"ရှင်ဘုရင်သွား၊ စစ်သည်ဗိုလ်ပါ ပါဦးမှပေါ့ဘရဲ့"

ကျော်။ ။"အေး.... ဒါလဲ အဟုတ်သားပဲ"

ထွေး။ ။"အနို့၊ ရန်ကုန်မှာ စစ်တစ်တွေ အရှိသားပဲ။ တပ်သားဟောင်းတွေကို ဘာဖြစ်လို့ထပ်ခေါ်ရတာလဲကိုကြီး သော်ရဲ့။

သော်။ ။"သိပါဘူး မယ်ထွေးရယ်၊ ကိုကြီးကတော့ရန်ကုန်ကိုသွားချင်နေတာနဲ့၊ အလောင်းမင်းကလည်း စုန်တော်မူမှာနဲ့ တော့အံကိုကိုက်နေတာပဲ။ဩော်....ရန်ကုန် ရန်ကုန်။အခုတော့လည်းအေးလို့၊ငြိမ်းလို့၊ စည်လို့၊ တိုက်ကြ ခိုက်ကြ တုန်းကတော့ လည်းကျွန်တော်တို့ဘက်ကရော၊သူတို့ဘက် ကရော၊ ဘီလူးသဘက်တွေလိုပါပဲ ဘရယ်၊ ရန်ကုန်မြစ်ထဲမှာဆိုလျှင် မညာ။ဒလလှေစုနဲ့ ကျွန်တော်တို့လှေချင်းကပ်ဖပ်ပြီး၊ခုတ်လိုက် ကြတာဟာ ရေပြင်တစ်ခုလုံးသွေးကို ခြင်း ခြင်းနီသွားတာပဲ၊ ကုန်းပေါ်မှာလည်း၊တိုက် လိုက် ခိုက်လိုက်ကြတာ၊ သွေးတွေကို အိုင် ထွန်းသွားတာပဲ။ ညနေ နေလည်းစောင်း ရော၊ မညာ။ဒလ လှေစုလည်း ကစဉ့်ကရဲ ဖြစ်ပြီး၊ အကုန် ပြေးကြတာပဲ၊ သွေးနဲ့ တွေ့ညီလိုက်တာ၊ ကျွန်တော်တော့ မျက်စိ သာမှိတ်နေရတယ်၊ တစ်ညလုံး မအိပ်နိုင် ဘူး။ နောက်ပြီးတော့ စစ်မြေပြင်ကို ထကြည့် တဲ့ လူတွေက ပြောကြတယ်၊ လ ရောင် အောက်မှာ မည်းမည်း မည်းမည်းအကောင် ကြီးတွေဟာ ရှုတ်ရှုတ် ရှုတ်ရှုတ်နဲ့ သဲသဲလှုပ် နေတာပဲတဲ့"

ကျော်။ ။"အ မိမ်၊ သေ တွေ ပေါ့ ကွာ၊ အစိမ်းသေတွေပေါ့"

သော်။ ။"ကျွန်တော်တော့ သူတို့ပြော တာ ကြားရရုံနဲ့ မကြည့်ခဲ့ဘူး၊ အတင်း ဖွတ်ပေပြီး အိပ်တာပဲ"

ကျော်။ ။"ဟား.... ဟား...,ဟား.... မောင်သော်နှယ်၊ စစ်သည်တော်ကြီး လုပ်နေ ပြီး အသည်းကြောင်လိုက်တာကွာ"

သော်။ ။"မဟုတ်ဘူး ဘ ရဲ့၊ လူလူချင်း ရင်ဆိုင်တိုက်ရမှာကို ကျွန်တော် မကြောက် ပါဘူး၊ သရဲကိုတော့ ကျွန်တော် ကြောက် တယ်"

ထွေး။ ။" ကိုကြီးသော်နှယ်ရှင် .... ကိုကြီးတို့ ခုတ်သတ်ထားလို့ သ ရဲ တောင် ဖြစ်နေမှပဲ ကိုကြီးတို့ကို ဘာချောက်ခံ့မှာ လဲ"

သော်။ ။" အောင် မယ် လေး ဟဲ့၊ မည်းမည်းမည်းမည်းနဲ့" (ဒူးတုန်ပြစေ။)

ကျော်။ ။"မောင်သော်ရေ.... ဘဘ တို့တော့ မင်းတို့လူငယ်တွေကိုပဲ အားကိုး နေရတာပဲဟ။ ကိုယ့်တိုင်းပြည် အေးချမ်းဖို့၊ ရန်ဆူး ရန်ညှောင့် မှန်သမျှကို တိုက်ခိုက် ရှင်းလင်း ရတာဟာ၊ မြတ်ပါတယ်ကွယ်"

သော်။ ။"အင်း....မြတ်တော့ မြတ်ပါ ရဲ့ ဘရယ်၊ နို့ပေတဲ့ လူတွေ တယ်သေ တယ် ဘရဲ့"

ကျော်။ ။"သေတော့ သေကြတာပေါ့ ကွာ....သေမျိုးချည်းပဲကိုကွယ့်။ နို့ ပေ တဲ့ မတော်လောဘ ထွက်ပြီ၊ သူများတိုင်းပြည် ကိုတိုက်ခိုက်တာနဲ့ စာလိုက်တော့၊ ကိုယ့် တိုင်းပြည်အေးချမ်းဖို့ တိုက်ရတာဟာ မြတ် တယ်လို့ ဆိုရမှာပေါ့ကွယ့်"

သော်။ ။"ဘရေ့ သူများတိုင်းပြည် ကိုပဲ တိုက်တိုက်၊ ကိုယ့်တိုင်းပြည်အတွက် ပဲတိုက်တိုက်၊ တိုက်သူတွေရော၊ ရပ်သူ ရွာ သားတွေရော အစုလိုက် အပြုံလိုက်သေကြ ရတာ၊ ဒုက္ခဖြစ်ကြရတာတွေကတော့၊အမှန် ပဲဘရဲ့။ အမှန်ပဲ"

[ဦးရောကျော် ထိုင်လျက် တွေ နေ စေ။ မောင်သော် မတ်တတ်ရပ်လျက် တွေနေစေ။ မယ်ထွေး အဘိုးကို ကြည့်လိုက်၊ မောင် သော်ကိုကြည့်လိုက် ပြုပြီးနောက်၊ ငေးမော သော မျက်နှာဖြင့် တွေနေစေ။]

ကားတွင်းမှမောင်းသံ....ဒူ....။

ကျော်။ ။(ထိုင်ရာမှထလိုက်၍)"ဘဘ ရွှေမြို့တော်ဆီကို သွားလိုက်ဦးမယ်ကွာ"

သော်။ ။"ဘာလုပ်မလို့လဲ ဘရဲ့"

ကျော်။ ။"ဘဘ သွားပြီး စုံစမ်းဦး မယ်ကွာ"

သော်။ ။"ဩော်....ဘနှယ်၊ဒီတစ်ခါ စုန်တော်မူမှာဟာ ဘုရားဖူးအတွက် သက် သက်ပါ ဘရဲ့၊ စစ်တိုက်ဖို့ မဟုတ်ပါဘူး၊ စစ်တိုက်ဖို့လဲ မလိုတော့ပါဘူး"

ကျော်။ ။"မဟုတ်ဘူး လကွယ်၊ ဘဘ သွားစုံစမ်းလိုက်ပါဦးမယ်၊ နေရစ်ကြဦးကွ" (ဦးရာကျော်ဝင်ခဲ့။)

× × ×

ဇာတ်ကွက် ၄

[မယ်ထွေးနှင့် မောင်သော်တို့ ငေး၍ ကျန်ရစ်ကြစေ။]

သော်။ ။"ဘဘက ခါးသာ ကိုင်း တယ်၊ စိတ်ကတော့ အတော် ဖျတ်လတ် သေးတာပဲ....ဟော့"

ထွေး။ ။"ဟုတ်ကဲ့....။ (ကွပ်ပျစ် ရှေ့ပိုင်းသို့ ရွှေ့လာ၍) မေးစမ်းပါရစေ ဦး....ကိုကြီးသော်ရဲ့ တပ်သားဟောင်း တိုင်းပဲ လိုက်ရသလား"

သော်။ ။"တပ် သား ဟောင်း တိုင်း တော့လည်း မဟုတ်ပါဘူးဟာ၊ လိုက်ချင် တဲ့လူများကိုသာ ခေါ်တာပါ။ ကိုကြီးက တော့ ရန်ကုန်ကိုသွားချင်တာနဲ့ အလောင်း မင်းက အခု ခေါ်တော်မူတာနဲ့ အတော် ကျသွားတာပဲ၊ ရန်ကုန်ရောက်လျှင် ကိုကြီး ဒဂုံဆံတော်ရှင်ကို စိတ်ခအားလက်အေးနှင့် ဖူးမယ်။ နောက်ပြီးတော့ တို့ ရွှေဘိုက စာဆိုတော်ကြီး စိန္တကျော်သူဆိုတဲ့ ဟိုရတု ဟာ ဘာတဲ့လေ....အဲ....အဲ....ဟုတ်ပြီ၊

ချစ်၍ခေါ်သည်၊ လိုက်တော်မူခဲ့
မပျောင်းနွဲ့နှင့်
အံ့ဘွယ်အတိ၊ တိုင်းမသိသား
ပြည်ကြီးတန်ဆာ၊ ကန်နန္ဒာလျှင်
တို့ရွှေဘိုကို ခေါ်လာခဲ့မယ်၊ ရွှေစေတီတို့၊ ရွှေချက်သိုထို့၊ ရွှေဂူကြီးတို့ကို လိုက်ပို့မယ်။ နန္ဒာကန်တော်ကြီးကို လိုက်ပြမယ်"

ထွေး။ ။"ဟော....ဟော....ပေါ်ပြီ၊ ပေါ်ပြီ။ ကိုကြီးသော် မှန်မှန်ပြောနော်။ ဗဲခူးကိုသိမ်းပြီး ပြန်လာကတည်းက ကိုကြီး သော် ရန်ကုန်သွားချင်တယ်လို့ချည်း ညည်း ညည်းနေတယ်။ ဟော....အခု ပေါ်ပြီ။ ပြောနော် ပြော....ဒါပဲ"

သော်။ ။"ဟား— ဟား— ဟား— ဟား။ အောင်မယ်လေး ဟဲ့....မယ်ထွေး က စကား အကျအန ကောက်လိုက်တာ။ ဒဂုံဆံတော်ရှင် ကြည်ညိုစရာကောင်းလွန်း လို့ ကိုကြီးသွားချင်တာပါ။ စေတီတော် ကြီးဟာ အဝေးကမျှော်နေပြီးဖူးလျှင် သိပ် ကြည်ညိုစရာကောင်းတာပဲ။ ကောင်းကင် ကြီးကလည်း နီလာရောင်ပြာလို့၊ အဲဒီအပြာ ရောင်အခံမှာ မိုးစိုညို့မှိုင်းနေတဲ့ တောင် ကုန်းပေါ်က စေတီတော်ကြီးက ရွှေတွေနဲ့ ဝါဝင်းချွန်တက်...."

ထွေး။ ။"အောင်မယ်.... ကောင်းကင် ပြာ သ လေး၊ စေ တီ တော် ကြီး ဝါဝင်း သလေးနဲ့၊ ကိုကြီးသော် မကွယ်နဲ့၊ ကိုကြီး သော် ရန်ကုန်မှာ ရည်းစားရှိပြီ"

သော်။ ။"ဟဲ့....မအပ်မစပ်၊ ဘယ်က လာပြီး...."

ထွေး။ ။"အို.... ကိုကြီးသော် မကွယ် နဲ့လေ၊ အထွေးလည်း အပါးအနပ်ပဲ၊ ကိုကြီး သော် တို့ များ စစ်တိုက် သွား ရင်း တောင် ရည်းစားထားသကိုး....တော့"

သော်။ ။ဟဲ့....စစ်တိုက် သွားရင်းကော ရည်းစား မထားရဘူးလား၊ ကျားမကိုက် တတ်ပါဘူးဟ"

ထွေး။ ။"ဟော .... ပေါ်ပြီ ပေါ်ပြီ၊ ကိုကြီးသော် ဒီတစ်ခါ မ ကွယ် နဲ့ တော့၊ ကိုကြီးသော်ရဲ့ ရည်းစားဟာ မမာလား၊ မွန်လား၊ မှန်မှန်ပြော"

သော်။ ။"ဟား....ဟား.... ဟား...., ဟား....၊ မယ်ထွေးကတော့ ငါ့ကို အမိဖမ်း တာပဲ၊ ငါ တွေ့ခဲ့တာဟာ၊ ရန်ကုန်သူ မွန်ပါ တဲ့ဗျာ၊ မွန်ပါတဲ့"

ထွေး။ ။"ဟင်.... ကိုကြီးမှာ တွေ့မယ့် တွေ့တော့လည်း မွန်တဲ့"

သော်။ ။"ဟောဗျာ အင်းဝသားတွေ ကသာ မွန်ဆိုတဲ့ စကားကို ကြားလျှင် စိတ်

နာသလား၊ မှတ်တယ်၊ တို့ရွှေဘိုသူကလည်း နှုတ်ခမ်းစူချင်နေပြန်ပါပြီ”

ထွေး၊ ။“အို…. အထွေးတို့လည်း ငယ်ငယ်တုန်းက ပြေးနဲ့လွှားခဲ့ရသေးတာပဲ၊ ဗညားဒလရဲ့ တပ်သားတွေဟာ ဘယ်လောက် ရမ်းကားသလဲ၊ ကျောင်းတွေ ဘုရားတွေ မီးရှို့၊ ရှိသမျှ ပစ္စည်းတွေလု၊ ကလေးမရှောင်၊ အဘိုးအို၊ အမယ်အိုမရှောင် သတ်၊ မိန်းမပျိုကလေးတွေကို ဖျက်ဆီး၊ ဒါတွေ ဘာကောင်းသလဲ။ မယ်ထွေးတော့ စိတ်နာပါတယ်”

သော်၊ ။“ဟောဗျာ….ဒုက္ခပါပဲ၊ မီးရှို့တယ်၊ ပစ္စည်းလုတယ်၊ လူသတ်တယ်။ ဒါတွေကတော့ ဘယ်ကောင်းမှာလည်းဟ၊ နို့ပေတဲ့ ဗညားဒလရဲ့တပ်သားတစ်စု ရမ်းကားတာနဲ့ မွန်တွေကို စိတ်နာတယ်ဆိုတာကတော့ မတော်ပါဘူး မယ်ထွေးရာ။ အေး….အေး….မယ်ထွေးတို့ဒီလိုသာစိတ်နာနေသေးလျှင်တော့ တို့တစ်တွေ နောက်တစ်ကြိမ် ပြေးရလွှားရဦးတော့မှာပဲဟေ့”

ထွေး၊ ။“တော်ပါ၊ ကိုကြီးသော်ရဲ့စကားက….နိမိတ်မရှိ နမာမရှိ၊ ဘာဖြစ်လို့ပြေးရမှာလဲ၊ ကိုကြီးသော်က အခုတော့ ပြောတော့မှာပေါ့လေ….၊ ကိုကြီးသော်က အထွေးတို့လိုမှ ဒုက္ခမတွေ့ခဲ့ဘူးဘဲကိုး….တော့”

သော်၊ ။“ဪ….ဪ…. မယ်ထွေးတို့က ဒုက္ခတွေ့ခဲ့ဖူးတယ်လား”

ထွေး၊ ။“မလှောင်ပါနဲ့ ကိုကြီးသော်ရယ်”

သော်၊ ။“နေပါဦးဟ၊ ကိုကြီးသော်သိတာက မုဆိုးဖိုရွာက တို့အလောင်းမင်းနဲ့ ခင်ဦးက ကိုချစ်ညိုတို့ တိုက်ကြတုန်းက မယ်ထွေးတို့ပြေးကြရတာကိုပြောတာလား။ ဒို့ပြင် ဘာများရှိသေးသလဲ”

ထွေး၊ ။“ကိုကြီးသော်က အသိလုပ်ပြီး မေးနေပြန်ပြီ၊ အဲဒီအခါတုန်းက ကိုကြီးသော်ဟာ မြင်းနဲ့ လာကယ်တာပဲ မဟုတ်လား”

သော်၊ ။“ဪ…. ဒါပြောတာလား….ဟ။ အဲဒီတုန်းကမယ်ထွေးငယ်ငယ်ရှိသေးတာပဲ။ ဪ….ဒါပြောတာလား”

ထွေး။ ။“မယ်ထွေးတို့ ဘယ်လောက်ဒုက္ခ ရောက်ခဲ့ရလဲ…. ကိုကြီး သော် ရယ်။ ဦးချစ်ညိုရဲ့လူစုက မယ်ထွေးတို့ရွာကိုလာပြီး၊ သူတို့ဘက်ကပါရမတဲ့။ လှောင်ထားတဲ့ပေါ်းတွေကို သူတို့ဆီမှာ အပ်ထားရမတဲ့၊ သူတို့စကားကို နားထောင်ရမတဲ့။ နားမထောင်လျှင် သတ်မယ်တဲ့၊ တော်တော်ကြာတော့ အလောင်းမင်းရဲ့ လူစု ရောက်လာပြန်ရော။ နင်တို့ ငချစ်ညိုရဲ့ လူတွေတဲ့။ နင်တို့ရွာကို မီးတိုက်မယ်ဆိုပြီး၊ တစ်ရွာလုံး မီးတိုက်ခံတော့တာပါပဲ ကိုကြီးသော်ရယ်”

သော်။ ။“ဟင်…. နေစမ်းပါဦးဟ။ ဒီ ကိုချစ်ညိုကြီးရဲ့ လူစုဟာ၊ ဗမာတွေလား မွန်တွေလားဟာ”

ထွေး။ ။“အို…. ကိုကြီးသော်ကလည်း၊ ဘာတွေလျှောက်မေးနေတာလဲ”

သော်။ ။“ကိုကြီးမေးဟာ ပြောစမ်းပါဦးလေ။ အလောင်းမင်းရဲ့ လူစုကကော၊ ဗမာတွေလား၊ မွန်တွေလားဟ”

ထွေး။ ။“အို….အားလုံးဟာ၊ မုဆိုးဖိုသား ဗမာတွေချည်းပေါ့”

သော်။ ။“ဟင်…. ဒါဖြစ်လျှင် မယ်ထွေး ဗမာတွေကိုလည်း စိတ်နာနေပြီပေါ့။ ကိုကြီးကိုလည်း စိတ်နာနေပြီပေါ့၊ ဘဘကိုလည်းစိတ်နာနေပြီပေါ့၊ မယ်ထွေးကိုယ်ကိုလည်း မယ်ထွေး စိတ်နာနေပြီပေါ့ ဟုတ်စ”

ထွေး၊ ။(အံ့အားသင့်သွားစေ၊ နောက်မှ )“အို….ဒါတော့ ကိုကြီးသော်ရယ်…. ကိုယ့်ဗမာအချင်းချင်းကို၊ စိတ်နာနေလို့ဘယ်ဖြစ်နိုင်မှာလဲ”

သော်။ ။“ဟော၊ဟော၊ ဟန်လိုက်လေ၊ မယ်ထွေးရယ်၊ မယ်ထွေးက အသက်ငယ်ငယ်ရှိသေးတယ်၊ မျက်နှာလိုက်တတ် လိုက်တာဟယ်”

ထွေး။ ။"အို.... ဘယ်သူ့ကိုမျက်နှာ လိုက်လို့လဲ....ကိုကြီးသော်ရဲ့"

သော်။ ။"မညာဒလရဲ့လူစုကအင်းဝ ကိုလာတိုက်ပြီး၊ပစ္စည်းယူ၊ လူသတ်၊ မီးရှို့ တော့ မယ်ထွေးက မွန်တွေကိုစိတ်နာပါ တယ်တဲ့။ကိုချစ်ညို့ရဲ့လူစု၊ အလောင်းမင်းရဲ့ လူစုတွေကလာပြီး ပစ္စည်းယူ၊ လူသတ်၊ ရွာမီးရှို့တော့၊ မမယ်ထွေးက မြန်မာ အချင်းချင်းမို့ စိတ်မနာနိုင်ဘူးဆိုပါတော့— ဟုတ်စ၊ ဪ.... ဪ.... ကိုချစ်ညို့တို့ လူစု၊ အလောင်းမင်းတို့လူစုက ပစ္စည်းတွေ ပါမသွားအောင်လုတတ်တယ်နော်၊ လူတွေ မသေအောင်သတ်တတ်တယ်နော်။ ရွာတွေ မီးမလောင် အောင် ရှို့တတ် တယ် နော်။ တယ်တော်တဲ့ မြန်မာတွေ၊ ဟုတ်စ၊ ဒါ ကြောင့်မို့ လို့မယ်ထွေးတို့ဟာ အိမ်ပေါ်က ကျောကော့ပြီး၊ကိုယ်လွတ်ထွက်ပြေးရတာ— ဟုတ်စ— ကိုင်း.... ဒါ မျက်နှာ လိုက်တာ မဟုတ်လျှင်ဘာတုန်း"

ထွေး။ ။(အံ့အားသင့်လျက်) "အို.... ဒါတွေ မပြောပါနဲ့တော့ ကိုကြီးသော်ရယ်။ အထွေးစိတ်ညစ်လာပြီ" (ဆိုကာကွပ်ပျစ် ဆီသို့သွား၍ချားလှည့်ရင်းတွေနေစေ၊)

သော်၊ ။(တွေနေရာမှ) "အေးပါ ဟယ်....။ ဒီအကြောင်း တွေကို ကိုကြီး စဉ်းစားနေတာကြာပါပြီ။အခုမှစကားစပ်မိ လို့ ထုတ်ပြောတာဟာပဲ။ နို့ပေမယ့်၊ မယ် ထွေး အခုလို စိတ်ညစ်လာတာဟာ ဘာ့ ကြောင့်လဲ သိရဲ့လား၊ ကိုကြီးကခုလို ပြန် မေးတာကို မယ်ထွေးကြားရလို့ စိတ်ညစ်လာ တာဟာ၊ တခြား ကြောင့် မဟုတ်ဘူး။ တစ်ဖက်ကဟုတ်တာ မှန်တာတွေကိုမြင်လာ လို့ဟ၊တစ်ဖက်ကလည်း ကိုယ့်ဘက်ကိုကိုယ် မျက်နှာလိုက်ချင်တဲ့ စိတ်ကလေးကလည်းရှိ နေသေးလို့ဟ၊ ဒါကြောင့်မို့ စိတ်ညစ်လာ တာဟ။ဒီမလေ....ညီမရဲ့၊လောကမှာဟုတ် တာ မှန်တာတွေကိုလည်း သိမှု မြင်မှုရှိမယ်၊ ဘယ်ဘက်ကိုမှလည်း မျက်နှာမလိုက်ချင်တဲ့ စိတ်ရှိမယ်ဆိုလျှင် ဘာစိတ်ညစ်စရာရှိမှာ လဲ ဟ။ ဟော....ကိုကြီးကဆက်ပြောလိုက် ဦး မယ်ကွာ၊ လွန်ခဲ့တဲ့ ၇ နှစ် ၈ နှစ် လောက် က၊ အင်းဝပြည်ကြီးပျက်ရတာဟာဘယ်သူ့ ကြောင့်ထင်သလဲဟ မယ်ထွေးရ" (ကွပ်ပျစ် တွင်ထိုင်စေ။)

ထွေး။ ။"အထွေးတို့ငယ်ငယ် ရှိသေး တာပဲ၊ ဘယ်သိမှာလဲ....ကိုကြီးရဲ့"

သော်။ ။"အေးလေ.... သူများတွေ ပြောတာကိုတောင်၊ မကြားဖူးဘူးလား"

ထွေး။ ။(လေးလေးကန်ကန်ပြောသည် မှာ) "သူများတွေ ပြောတာကတော့၊ဆင် ကျားရှင်ဆိုလား၊ ဘာဆိုလား၊ မွန်မင်းက ပုန်ကန်လို့တဲ့။နောက်ပြီးတော့မညာဒလဆို တဲ့ မွန်ရှင်ဘုရင်ကထပ်ပြီး၊ပုန်ကန် လို့တဲ့"

သော်။ ။"အေး....အေး။ဟုတ်လိုက် လေဟယ်....၊ဒါတွေကို ကြစ်ကြစ်ယုံ၊ အဲဒါ တွေကို အဟုတ်မှတ်ပြီး ယုံနေလျှင် ရွှေ လျှောက် ဒုက္ခရောက်ဦးတော့မှာပါပဲ ဟာ။ ဟော....မယ်ထွေး၊ ကိုကြီး ပြောပြမယ်။ အင်းဝပြည်ကြီး ပျက်စီးရတာဟာ၊ ရှင်ဘုရင့် အရိပ်အရာကို အတင်း အမွေလုချင်ကြတဲ့ ကိုရွှေဗမာတွေကြောင့်ဟေ့.... သိရဲ့လား၊ အဲဒါမြဲမြဲမှတ်ထား"

ထွေး။ ။"အို.... ကို ကြီး သော် ကလည်း မဖြစ်နိုင်တာ"

သော်။ ။"ဖြစ်ပါသော်ကော ဟယ်၊ ဖြစ်နိုင်လို့ ဖြစ်တောင်ဖြစ်ပြီးခဲ့ပြီ၊ ဟော .... ကိုကြီးပြောမယ်၊ အဲဒီတုန်းက တို့အညာ အင်းဝမင်းကလည်း အအုပ်အချုပ် ညံ့သ ကွယ့်၊ အဲဒါကို ချက်ကောင်းယူပြီး ဟံသာ ဝတီမြို့ဝန်က ထ ပုန်ကန် တာပဲဟ။ အဲဒီ ဟံသာဝတီမြို့ဝန်ဟာ ဘယ်သူလဲ သိရဲ့လား၊ တို့အင်းဝက ကိုရွှေဗမာမှ ကိုရွှေဗမာအစစ်၊ ကိုသာအောင်တဲ့ဗျ" (ထိုင်ရာမှထ၍ ခေါး

လွယ်ကို ပခုံးမှဖြုတ်ချပြီးလျှင် ခေါ်ကိုမြေ၌ထောက်၍ရပ်ကာ၊ မယ်ထွေးကို အကဲခတ်နေစေ။)

ထွေး။ ။"ဟင်...."

သော်။ ။"မဟင်နဲ့လေ၊ လာလိမ့်ဦးမယ်....နောက်ရွှေဗမာတစ်ယောက်၊ အဲဒါနဲ့ ကိုသာအောင်က ဟံသာဝတီကနေပြီး ပုန်ကန်တာကို အင်းဝမင်းက နှိမ်လိုက်ရော၊ နှိမ်ပြီးတော့ မင်းရဲအောင်နိုင်ဆိုတဲ့ ဗမာတစ်ယောက်ကို ဟံသာဝတီမြို့ဝန် ခန့်ပြန်ရော။ ဟော.... မင်းရဲအောင်နိုင် ဆိုတဲ့ ပဝေး ကလည်း ဥာဏ်ဆိုလို့ စကောလောက်မှ ခေါက်မနက်ဘူးဟ၊ ဟံသာဝတီမှာ ရုံးတစ်လုံး ခေါ်တစ်စင်း ရတယ်ဆိုလျှင်ပဲ အာဏာတွေ အာဏာတွေ ပြ၊သူ့လူ ငါ့လူရယ်လို့ ခွဲခြား ခွဲခြားလုပ်၊ သူ့စိတ်ကမထင်လျှင် ဗမာသော၊ မွန်သောနားမလည်။သတ်၊နှိပ်စက်၊ညှဉ်းပန်း၊မခံနိုင်ကြလွန်းတော့ ဟောဗျာ....ဟံသာဝတီမှာ ရှိတဲ့ ဗမာရော မွန်ရောပေါင်းပြီးပုန်ကန်ကြပြန်ပါရော"

ထွေး။ ။"အို-ဘယ့်နှာတွေ ဖြစ်ကုန်ပါလိမ့်....ကိုကြီးသော်ရယ်"

သော်။ ။"နေဦး၊ နေဦး....မဆိုနဲ့ဦး၊ အဲဒါနဲ့ ဟံသာဝတီမှာရှိတဲ့ ဗမာတွေ မွန်တွေက မင်းရဲအောင်နိုင်ကို သတ်လိုက်ကြပြန်ရော။တောက်....သေတာကောင်းတယ် ကိုယ်မနိုင်တဲ့ ဝန်ထုပ်ကို ထမ်းတဲ့ လူလိုပေါ့ ဟာ။ တော်တော်ကြာတော့ ကိုယ့် ဝန်ထုပ်နဲ့ကိုယ် လဲရစမြဲပေါ့။ ဒါနဲ့....မင်းရဲအောင်နိုင် သေရော၊ မင်းရဲအောင်နိုင် သေတော့ ဟံသာဝတီမှာရှိတဲ့ ဗမာတွေကရော၊ မွန်တွေကရော၊ ဟံသာဝတီ ပဲခူး သားတွေလို့ ဆိုလိုက်ကြပါစို့ ဟာ။ အဲ....ပဲခူးသားတွေက ဆင်ကျွန်းရှင် သမိန်ထောကို မင်းမြှောက်ပြီး တစ်ထီးတစ်နန်း ထောင်ကြပြန်ရော၊ အဲဒီလိုထောင်ပြီး ရောဇတီမြစ်စဉ်တစ်မျှော်တက် ရမ်း ကြ တော့ တာပါပဲဟာ"

ထွေး။ ။ဆင်ကျွန်းရှင် သမိန်ထောဆိုတော့ မွန်ပေါ့"

သော်။ ။"အို....ဘယ်ကလာ ဟုတ်ရမှာလဲ၊ ကိုရွှေဗမာမှ ကိုရွှေဗမာ အစစ်ခင်ဗျာ့။ အင်းဝ မင်းတရားကြီးနဲ့ တူဝရီးတော်တယ်၊ အင်းဝ မင်း ရဲ့ ဖခမည်းက တနင်္ဂနွေမင်း၊ တနင်္ဂနွေမင်းရဲ့ ဖခမည်းက စနေမင်း။ အဲဒီ ဆင်ကျွန်းရှင် ဆိုတာဟာ အဲဒီ စနေမင်းရဲ့ ညီတော်ရဲ့ သား ခင်ဗျာ့၊ သူ့နာမည်က ကိုသာလှတဲ့ဗျ၊ကိုသာလှတဲ့၊ အောက်ပြည်အောက်ရွာမှာ စည်းစိမ်တွေပြီး ရှင်ဘုရင် လုပ်ချင်တော့ ဆင်ကျွန်းရှင်သမိန်ထောတို့၊ ဘာတို့၊ညာတို့၊ဖြစ်ကုန်တာပေါ့လဟာ"

ထွေး။ ။ရှုပ်လိုက်တာ ကိုကြီးသော်ရယ်"

သော်။ ။"အို....မရှုပ်နဲ့ဦး၊ မရှုပ်နဲ့ဦး၊ လာလိမ့်ဦးမယ် ကိုရွှေဗမာ တစ်ယောက်၊ အဲဒီ ဆင်ကျွန်းရှင်သမိန်ထော ကိုသာလှကလည်း ရှင်ဘုရင်လုပ်မယ်ကြံခါရှိသေး၊ဆင်ဖြူတော်စီးချင်လိုက်ရတာ နန့်နန့်ကို တက်နေတာပဲတဲ့ဟ၊ သူ့မှာ ဆင်ဖြူတော်စီးချင်လွန်းလို့၊ စစ်တောင်းဘက်သွားပြီး ဆင်ဖမ်းနေလိုက်တာ ဟံသာဝတီကိုတောင်မပြန်တော့ဘူးတဲ့ဟ၊ ဒါနဲ့ မဖြစ်ချေဘူးဆိုပြီး၊ နောက်ဆုံးတော့ မညာဒလက ငါစားတယ်ကွာ ဆိုပြီး ဟံသာဝတီ ထီးနန်းကို သိမ်းလိုက်ရော...."

ထွေး။ ။ဟင် မညာဒလက"

သော်။ "အေးလေ၊ မညာဒလ ကပေါ့"

ထွေး။ ။အထွေးတို့ အင်းဝကို လာတိုက်၊မီးရှို့၊လူသတ်၊ ပစ္စည်းလုတဲ့ လူတွေဟာ သူတို့လူစုပေါ့နော်"

သော်။ ။"အေး၊ သူ့လူစုပေါ့"

ထွေး။ ။"မညားဒလက မွန်မို့လို့၊ အင်းဝမှာ ဒါလောက်တောင် လန့်ရမ်းကားတာ"

သော်။ ။"မညားဒလဟာ မွန်၊ တယ်ဟုတ်ပါလိမ့်မယ်၊ မညားဒလဟာမွန်မဟုတ်ဘူးမယ်ထွေးရေ့၊ မွန်မဟုတ်ဘူးဟ"

ထွေး။ ။"ဟင်"

သော်။ ။"ဒေအးလေ.... မညားဒလလို့ ဆိုလိုက်တော့ ငါ့ညီမက မွန်လို့ထင်ပေမှာပေါ့၊ထင်လည်းထင်စရာပေါ့လေ၊ မညားဒလဟာ မွန်မဟုတ်ဘူး မယ်ထွေးရေ့၊ ဗမာဟ ဗမာ၊ တို့အညာ ဝမ်းဘဲအင်းရွာက ဆင်ဝန် ကိုအောင်လှတို့ခင်ဗျာ့၊ ကိုအောင်လှတို့၊ ကိုင်း....မှတ်ကရောကွာ"

ထွေး။ ။"ဝမ်းဘဲ အင်း ရွာ က....၊ အင်းဝမြို့တော်နားကဝမ်းဘဲအင်းရွာက....၊ စိတ်မောစရာကောင်းလိုက်တာ ကိုကြီးသော်ရယ်"

သော်။ ။"အေး....မယ်ထွေးက စိတ်သာမောတာ၊ ကိုကြီးကပြောလည်း ပြောရလို့၊ လုပါမောသဟ၊ငွေစမ်းဟာ....လက်ဖက်ရည်တစ်ခွက်၊ ကဲ....မယ်ထွေး....မွန်တွေကို စိတ်နာ နေသေးသလား" (ပြန်ထိုင်စေ။)

မွေး။ ။(လက်ဖက်ရည် ငှဲ့ပေးစေ။) "ဒီလိုဆိုတော့လဲ ဘာစိတ်နာစရာရှိသလဲ ကိုကြီးသော်ရယ်။ တဲ့ယ်ဆိုတော့ အင်းဝမြည်ကြီးပျက်ရတာဟာ မွန်တွေ ကြောင့်မှ မဟုတ်ဘဲ"

သော်။ ။(လက်ဖက်ရည်ကိုင်ချလိုက်ပြီးလျှင်) "အေး....ဟုတ်တယ်၊ သေသေချာချာ ဆန်းစစ်ကြည့်လိုက်တော့၊ အင်းဝ ပြည်ကြီးပျက်ရတာဟာ မွန်တွေကြောင့်လဲ မဟုတ်ဖူးဟ။ ဗမာတွေကြောင့်လဲ မဟုတ်ဘူးဟ၊ မတော်မတရားတဲ့နည်းနဲ့ ရှင်ဘုရင်အတင်းလုပ်ချင်တဲ့ လူ တစ် စု ကြောင့် ပဲ၊ ကိုယ့်ကိုယ်ကို အရမ်းအထင်ကြီးတဲ့ လူတစ်စုကြောင့်ပဲ သိလား။ ကဲပါဟာ လွန်ခဲ့တဲ့ ၇ နှစ် ၈ နှစ် တုန်း က မိုက် လုံး ကြီး ပြီး အချင်းချင်းချခဲ့ကြတာတွေကို မေ့ပစ် လိုက်စေတော့၊ အနာဟောင်းတွေကို တွေးမနေနဲ့တော့၊ ငါ့ညီမ စိတ် ပြောင်း တော့ ကြားလား"

ကားတွင်းမှ မောင်းသံ....ဒူ....။

ထွေး။ ။"ဟော"

သော်။ ။"ကဲလေ ကိုကြီးသော်လဲ ပြန်လိုက်ဦးမယ်။ ဘာဘ ကလဲ တယ် ကြာသကိုးဟ။(ထိုင်ရာမှ ထစေ။) ကိုကြီးတော့ ဒီမောင်းသံကြားလျှင် သိပ်ဝမ်းသာတာပဲ၊ ဒီမောင်းသံနဲ့ ရွှေမြို့တော်ကခွာ၊ ရန်ကုန်ကို ရောက်၊ ရန်ကုန်ရောက်လျှင် သူနဲ့တွေ့၊ တွေ့ရတော့မှာပဲ.... မယ်ထွေးရေ့၊ တွေ့ရတော့မှာပဲ"

ထွေး။ ။"တွေ့ပါစေ ကိုယ်ကြီးသော်ရယ်၊ တွေ့ပါစေ။ နို့ပေတဲ့....အချင်းချင်းတိုက်ခဲ့ခိုက်ခဲ့ကြတဲ့ လူတွေဆိုတော့ သူက ကိုကြီးသော်ကို ချစ်နိုင်ပါ့မလား ကိုကြီးသော်ရဲ့"

သော်။ ။"ရှင်ဘုရင် အတင်း လုပ်ချင်တဲ့လူတွေ အချင်းချင်းသာ ရန်သူပါဟာ တို့ဆင်းရဲသား အချင်းချင်းကတော့ ဗမာပဲဖြစ်ဖြစ်၊ မွန်ပဲဖြစ်ဖြစ်၊ အထက် နိုင်ငံ မှာ ဖြစ်ဖြစ်၊ အောက်နိုင်ငံမှာပဲဖြစ်ဖြစ် အသင့်မြတ်ကြသားပဲ။ ရှင်ဘုရင်အတင်းလုပ်ချင်တဲ့လူတွေက ဆွဲခေါ်၊ မြှောက် ပေး ခဲ့လို့သာ တို့တစ်တွေမှာ ဘုမသိ၊ဘမသိ ခေါ်ဆွဲပြီး တိုက်ကြရတာဟ မယ်ထွေးရ။ ဟော.... ကို ကြီး ပြော မယ်၊ နား ထောင်၊ မနှစ်တစ်နှစ်ကကိုကြီးတို့ စစ်တပ် ရန်ကုန်ကိုဆင်း သွားတော့၊ရန်ကုန်မှာရှိတဲ့မညားဒလ လူစုက သူတို့ဘက်မပါတဲ့လူဆိုလျှင်ဗမာသော မွန်သော၊ ရှမ်းသော ဘယ်သူမှမရှောင်ဘူး၊

အကုန်လိုက်ဖမ်း၊ အကုန် လိုက် သတ်တာပဲဟ။ အဲဒီ အခါတုန်းက သူ က ထ ချို့ ဗမာတွေကို လုံခြုံတဲ့နေ ရာ မှာ ဝှက် ထား ရှာတယ် မယ်ထွေး ရဲ့။ ကို ကြီး တို့ တပ် က ရန်ကုန် ကို အောင် ပြီး လို့၊ ဗမာ တွေ ကို လိုက် ရှာ တော့၊ သူ သိမ်း ပြီး ကျွေး မွေး ထားတဲ့ ဗမာတွေကို ထုတ်ပေး ရှာတယ်။ အဲဒီမှာကိုကြီးနဲ့ သူနဲ့တွေ့တာပဲဟ။(တွေဝေ နေစေ၊အတန်ကြာမှာ)တောက်....နာလိုက်လေ၊မယ်ထွေးရာ—တို့တစ်တွေကိုထီး မဆန်၊ နန်းမဆန်၊ နန်းမနီးရေဝေးကျေးတောသားတဲ့။သူတို့....ရှင်ဘုရင် လုပ်ချင်တဲ့ အခါကျတော့ငါတို့ကိုသူတို့လာဆွပေး၊မြှောက်ပေး။ တို့ကဘုမသိ၊ဘမသိ၊သူတို့ခေါ်ရာလိုက်တိုက်ခိုက်တော် ကြာတော့ တို့တစ်တွေပဲ ဒုက္ခရောက်ကြတာပဲ၊ နောင် တစ်နေ့နေ့မှာ၊ တို့ကျေးတောသားတွေ အားလုံးစုပြီး၊ တို့တစ်တွေကို သူတို့ မလိမ်နိုင်မညာနိုင်အောင် လုပ်ကြရဦးမယ်ဟ.... မယ်ထွေးရ၊ သူတို့ဟာ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ကြတဲ့အခါမှာ၊ တို့အကျိုးကို သူတို့ကြည့် မကြည့်....ဒါတွေကိုလဲတို့တစ်တွေစဉ်းစားချင့်ချိန်တတ်ကြအောင်၊လုပ်ကြ ရဦးမယ်ဟ....မယ်ထွေးရ၊ အို.... လုပ်စရာတွေ ကတော့ များပါသဟာ”

ကားတွင်းမှ မောင်းသံ... ဒူ....၊

ထွေး။ ။“ဟော”

သော်။ ။“ကိုကြီးသော်ကတော့၊ ဒီမောင်းသံကို ကြားလျှင် သိပ်ဝမ်းသာတာပဲ။ ဒီမောင်းသံနှင့် ရွှေမြို့တော်ကခွာ၊ရန်ကုန်ကိုရောက်။ ရန်ကုန် ရောက်လျှင် သူနဲ့တွေ့၊ တွေ့တော့မှာပဲ အထွေးရေ.... တွေ့တော့မှာပဲ”

ထွေး။ ။တွေ့ပါစေ ကိုကြီး သော်ရယ်၊ တွေ့ပါတော့။ အထွေး ဆုတောင်း ပါ့မယ်။ အနို့.... မေးစမ်းပါရစေဦး၊ကိုကြီးသော်ရဲ့၊ ဘုန်းတော်ကြီး ဘုရားကရန်ကုန်ကို ဘုရားဖူးစုန်တော်မူမယ်လည်းဆိုရဲ့၊တပ်သားဟောင်းတွေကိုလည်းဘာဖြစ်လို့ ပြန်ခေါ်ရတာလဲ။ အထွေး.... နားကို မလည်နိုင်ဘူး”

သော်။ ။“ဟား....ဒါတင်ဘယ်ကမလဲ။ မြင်းရည်တက်အဖွဲ့*ကိုတောင်၊အသစ်ထပ်ဖွဲ့နေသေးတယ်။ ဒီမနက် တပ်သားဟောင်းကလေး တစ်ယောက်ဟာ အုံ့ညြဖို့ကောင်းလိုက်တာ အထွေးရယ်။အလောင်းမင်းက ကျောကို သပ် တော် မူတာ ပဲ။ အစတုန်းကတော့ ကိုကြီးတို့ရဲ့တပ်ထဲကပါပဲ။ သူ့နာမည်ကပန်းညိုဆိုလား....”

ထွေး။ ။ဟင်....”

သော်။ ။“အင်း....အင်၊ သူ့နာမည်က ပန်းညိုတဲ့။ သိတ်သတ္တိကောင်းတဲ့သူငယ်ပဲ၊ အထွေးရေ့။ ချိန်ခံထားတဲ့ လှံဖျားကို မျက်စိ မမှိတ်ဘဲ အတင်းပြေးဝင်ပြီး၊ တိုးတာပဲ၊ လှံဆောင်တဲ့ မိုလ်မှူးကကျွမ်းကျင်လွန်းလို့ခပါ့။ နို့မဟုတ်လျှင်ဒီသူငယ် ဒီနေရာမှာ ပွဲချင်းပြီးမှာ။ အတော်သတ္တိကောင်းတဲ့ သူငယ်ပဲ။အဲလောင်းမင်းကကျောကို သပ်တော်မူပြီး‘ကြိုးစားနော်၊နောင်အခါဗိုလ်မှူးဖြစ်စေမယ်’လို့တောင် မိန့်တော်မူတာပဲ”

ထွေး။ ။(အံ့ဩခြင်းမောသော မျက်နှာဖြင့် သက်ပြင်းချလျက်) “ဘုန်းတော်ကြီးဘုရားကလည်း ဘုရားဖူးစုန်တော်မူမယ်လည်းဆိုရဲ့၊ တပ်သားဟောင်းတွေကိုလည်း ဘာဖြစ်လို့ ဒါလောက်တောင်စုနေပါလိမ့်နော်”

---

* မြင်းရည်တက်အဖွဲ့သည်သတ္တိရှိသူတို့ကိုစုဆောင်းဖွဲ့စည်းထားသောအဖွဲ့ဖြစ်သည်ဟု ဆိုသည်။ရွေးချယ်ပုံမှာ လှံ၌ ကျွမ်းကျင်သူ တစ်ဦးက လှံကိုလူတစ်ယောက်၏ ရင်ဝတည့်တည့်နှင့် ချိန်၍ကိုင်ထားသည်။အရွေးခံသူသည်ထိုလှံသွားသို့မျက်စိမမှိတ်ဘဲ အတင်းပြေးဝင်ရသည်။ လှံသွားသို့တဆယ်ဝင်လာသည်ဟုသိလျှင်၊ လှံကိုင်သူက လှံကိုဖယ်လိုက်သည်။ ထိုသို့တိုးဝင်နိုင်သူကို အဖွဲ့သားအဖြစ်ချီးမြှင့်သည်ဟုဆိုသည်။

သော်။ ။"အို.... အထွေးမှာလည်း ဘပ်သားတွေစုနေတယ်လို့ချည်း စိတ်ထဲစွဲနေတာကိုးကွယ့်၊ ဘုရားဖူး သွားမှာပါ။ စစ်တိုက်ဖို့မဟုတ်ပါဘူး"

ကားတွင်းမှမောင်းသံ....ဒူ....။

သော်၊ ။"ကိုကြီး သော်ကတော့ ဒီမောင်းသံကြားလျှင် သိပ်စမ်းသာတာပဲ၊ ဒီမောင်းသံနဲ့၊ ရွှေမြို့တော်ကခွာ၊ ရန်ကုန်ကိုရောက်၊ ရန်ကုန်ရောက်လျှင် သူနဲ့တွေ့၊ တွေ့တော့မှာပဲ၊ အထွေးရေ့....တွေ့တော့မှာပဲ၊ ကိုင်း....ကိုကြီး ပြန်လိုက်ဦးမယ်။

"မမလေးရယ်တဲ့ နှင်းဆီခိုင်
တစ်ဆိတ်စာ မောင်ကိုင်ရလျှင်
ကူးနိုင်ရှဲလေး" (ဆို၍ ဝင်စေ။)

× ×

ခေတ်ကွက် ၄

[မယ်ထွေးသည် လေးကန်ဖင့်နွဲ့စွာ မိမိ၏ချားရှိရာသို့ သွား၍ စိတ် မပါ့တပါဖြင့် ချားကိုလှည့်ကာနေစေ။ တစ်ဖန် ချားကိုရပ်၍ စဉ်းစားငေးမောလျက် နေစေ။ ထိုအခိုက် ချိုးကူသံသည် ဖြည်းညှင်းစွာ မြည်လာစေ။ မယ်ထွေးလှုပ်ရှားလာ၍ ဟိုဟိုဒီဒီ ကြည့်ကာ အိမ်ခြေရင်း သစ်ပင်အနီးသို့ ဆင်း လာ စေ၊ ထိုအခါ မောင်ပန်းညို ရုတ်ခြည်းပေါ်လာစေ။ သစ်ပင်အောက်ကို ဝင်၍ သစ်ပင်ကိုမှီလိုက်စေ၊ မယ်ထွေးသည် နောက်သို့တစ်လှမ်းဆုတ်လိုက်စေ။]

ထွေး။ ။"ကိုပန်းညို....အခု စစ်ထဲလိုက်ဦးမလို့ဆို...."

ညို၊ ။"အင်း...."

ထွေး။ ။"အခု ဒါ လာ ပြော တာ မပါ့"

ညို၊ ။"အင်း...."

ထွေး။ ။"မြင်းရည်တက် အဖွဲ့ထဲမှာလည်း ကိုပန်းညိုပါနေတယ်ဆို"

ညို၊ ။"ဘယ်သူပြောလဲ"

ထွေး။ ။"သိပါတယ် ကိုပန်းညိုရယ်၊ အထွေးသိပါတယ်။ ကိုပန်းညိုဟာ အထွေးကို....အရေးမစိုက်ပါဘူး"

ညို၊ ။"ဟင်.... အထွေး က လည်း အထွေးကို အရေးစိုက်ပါတယ်၊ ဒီတစ်ခါတော့ အထွေးဆီကို စောစောကကြိုတင်ပြီး စစ်ထဲလိုက်ဦးမယ်လို့လာပြောလျှင် အထွေး စိတ်ကောင်းမှာမဟုတ်ဘူး၊ အထွေး စိတ်မကောင်းလျှင် ကိုပန်းညို အားလျော့ပြီး မြင်းရည်တက်အဖွဲ့ကိုဝင်ဖို့မစွန့်ရဲဘဲနေမှာကို စိုးရိမ်လို့ပါ"

ထွေး။ ။"အို....အထွေး ဘာဖြစ်လို့ စိတ်မကောင်းရမှာလဲ၊ ဒီတစ်ခါ ကိုပန်းညို စစ်ပွဲကပြန်လာလျှင် ဗိုလ်မှူးတောင်ဖြစ်လာဦးမယ်"

ညို၊ ။"ကြည့်စမ်း....အထွေး ဒါကိုတောင် သိတယ်"

ထွေး။ ။"သိပါတယ် ကိုပန်းညိုရယ်၊ ကိုပန်းညိုဟာ လှံသွားတည့်တည့် ချိန်ထားတာကို ရဲရဲကြီး ဝင်တိုးတော့ ဘုန်းတော်ကြီးဘုရားက အားရတော်မူလွန်းလို့ ကျောကိုသပ်ပြီး 'ကြိုးစားနော်၊ နောင်အခါ ဗိုလ်မှူးဖြစ်စေ့မယ်' လို့တောင် မိန့်တော် မူ တယ် မဟုတ်လား"

ညို၊ ။"ဟင်.... အထွေး သိ လှ ချေကလား၊ ကဲ.... ကဲ.... အထွေးပဲ ပြောတော့၊ ကျုပ်မပြောတော့ပါဘူးဗျာ" (စိတ်ကောက်ဟန် ပြု၍ မျက်နှာလွှဲနေစေ။)

ထွေး။ ။"ဒါပါပဲ ကိုပန်းညိုရယ်၊ လှံသွားကို ကိုပန်းညို ဘယ်လိုဝင်တိုးတာလဲ"

ညို၊ ။(ပြုံးလာလျက်) "အထွေး သိချင်လို့လား"

ထွေး။ ။(ပြန်ပြုံးလျက် ခေါင်းညိတ်လိုက်စေ၊)

ညို။ ။"ရော့....ဒီလို ကိုင်ထား၊ ချိန် ထားနော်....သေသေချာချာ ချိန်ထားနော်၊ ဟောသလို....(ဝင်တိုးဟန်ပြုစေ၊)

ထွေး။ ။"အောင်မယ်" (ထိတ်လန့်ကာ လှံကို နောက်သို့ သိမ်းရုပ်၍ ပစ်ချလိုက်စေ၊)

ညို။ ။(လှံကို ကောက်ယူလျက်) "အထွေး လန့်သွားသလား"

ထွေး။ ။"လန့်သွားတာပေါ့"

ညို။ ။"ကိုပန်းညို ဗိုလ်မှူးဖြစ်မှာကွယ့်၊ ဗိုလ်မှူးဖြစ်မှာ...."

ထွေး။ ။(မျက်နှာအနည်းငယ် လွှဲဖယ်၍) "အင်း....အင်း၊ နောင် ဗိုလ်မှူးဖြစ်လာတဲ့ အခါကျမှသာ...."

ညို။ ။"ဟော....ဟော၊ စိုးရိမ်ပြန်ပြီ၊ ဒီအတွက် စိတ်ချပါ၊ ကိုပန်းညို ယောကျ်ားပီသပါတယ်၊ ဒီတစ်ခါ စစ်တိုက်ရလျှင် အထွေးအတွက် ကိုပန်းညို စွန့်လိုက်မယ်၊ နို့ပေတဲ့ အထွေးရယ် အောက်ပြည် အောက်ရွာများကိုတော့ မသွားချင်ဘူး"

ထွေး။ ။"ဘာဖြစ်လို့လဲ"

ညို။ ။"သိပ် ခြင်ကိုက်တဲ့ အရပ်ပဲ"

ထွေး။ ။"အောင်မယ်လေး၊ စစ်သည်တော်ကြီး တစ်ယောက်လုံး လုပ်နေပြီး ခြင်ကိုက်မှ မခံနိုင်ဘူးလား"

ညို။ ။"စစ်သည်တော် အဖြစ်နဲ့ စစ်တိုက်ရတာက အပန်းမကြီးလှဘူး အထွေးရဲ့၊ စစ်မြေပြင်မှာ စစ်သည်တော်လို သေလိုက်ရလျှင် မြတ်တောင်မြတ်သေးတယ်၊ နို့ပေတဲ့ စစ်တိုက်ရာကနားလို့ အထွေးကိုလွမ်းပြီလား ဆိုလျှင် ဒီခြင်တွေဟာ လာလာပြီး နှောင့်ယှက်တာပဲ၊ မြွောင့်အောင်တောင်မှ မလွမ်းနိုင်ဘူး၊ တိုက်ဟဲ့ ခိုက်ဟဲ့နဲ့ နေရတဲ့ စစ်သားပေမယ့် အလွမ်းငွေ့ ထိတော့ မချိအောင် ခံရတယ် အထွေးရေ့.... မချိအောင် ခံရတယ်"(မောင်ပန်းညို မယ်ထွေး မျက်နှာကို တစ်ချက် မော်ကြည့်ပြီးလျှင် ခေါင်းငုံ့လျက်နေစေ။ မယ်ထွေးလည်း မောင်ပန်းညို၏ မျက်နှာကို တစ်ချက်ကြည့်ပြီးလျှင် ငေးမောနေစေ။)

ကားတွင်းမှ မောင်းသံ....ဒူ....။

ထွေး။ ။"ဟော...."

ညို။ ။"ဒီတစ်ခါ ကိုပန်းညို ပြန်လာလျှင် ဗိုလ်မှူးပဲ အထွေးရေ့၊ ဒီအခါကျတော့...."

ထွေး။ ။"ဘုန်းတော်ကြီး ဘုရားမှာလည်း ဘုရားဖူး သွားမယ်လည်း ဆိုရဲ့၊ တပ်သားမောင်းတွေကိုလည်း ဘာဖြစ်လို့ ဒါလောက်တောင်စုနေပါလိမ့်နော်။ စစ်များ တိုက်ကြဦးမှာလား....ကိုပန်းညိုရယ်"

ညို။ ။ဒါတော့မသိဘူး၊ အထွေးရေ့။ နို့ပေတဲ့ စစ်တိုက်ရလျှင်လည်း အကောင်းသားပဲ။ ဒီတော့မှ ကိုယ့်အစွမ်းကို အကုန်ပြပြီး၊ ဗိုလ်မှူးဖြစ်အောင် ကြိုးစားမယ်"

ထွေး။ ။"စစ်တိုက်ဖို့လည်း လိုမယ်မထင်ပါဘူးလေ၊ အင်းဝမြို့ကိုလည်း ပြန်ရပြီ။ ဟံသာဝတီကိုလည်း ပြန်သိမ်းပြီးပြီ။ ဒီတော့ဘာလိုသေးသလဲ"

ညို။ ။အင်း.... အထွေး ပြောတာလည်း ဟုတ်သားပဲ၊ စစ်တိုက်ဖို့တော့ လိုမယ်မထင်ပါဘူး။ နို့ပေတဲ့ စစ်တိုက်ရလျှင်လည်း အကောင်းသားပဲ။ ဒီတော့မှ ကိုယ့်အစွမ်းကို အကုန်ပြပြီး ဗိုလ်မှူးဖြစ်အောင် ကြိုးစားရမယ်။ ဗိုလ်မှူးဖြစ်လာမတော့...."

ထွေး။ ။"အနို့ ကိုပန်းညို၊ ဘယ်တော့ ပြန်လာမှာလဲ"

ညို။ ။"စစ်ပွဲကိုသွားတာ၊ ဘယ်နေ့ ပြန်လာမယ်လို့ ဘယ်ပြောနိုင်မလဲ အထွေးရဲ့"

ထွေး။ ။"အို....စစ်ပွဲ မဟုတ်ပါဘူး။ ဘုရားဖူးပါ"

ညို။ ။"အင်း....အင်း.... ဘုရားဖူး၊ ဘုရားဖူး၊ ဟုတ်သားပဲ"

ထွေး။ ။"ဘုရားဖူးဆိုလျှင် အကြာဆုံး တစ်လပေါ့နော်။ တစ်လကျော်လျှင် ကိုပန်းညိုပြန်လာမှာပဲ မဟုတ်လား"

ညို။ ။"ပြန်လာမှာပေါ့။ နို့ပေတဲ့ လာမယ့် ရက်ကိုတော့ ဆက်ဆက်ကြီး ဘယ်ပြောနိုင်မလဲ။ ဟို.... တစ် နှစ် က ကိုပန်းညိုတို့ ဟံသာဝတီ တိုက်ပွဲပြီးလို့ ရွှေဘို ပြန်ခါနီးကျတော့ အထွေးအိပ်မက် မက်တယ်ဆို။ အိပ်မက်ထဲမှာ ကိုပန်းညို ဟာ မြင်းညိုကြီးကိုစီး၊ လက်တစ်ဖက်က ဓားကို ဝင့်ပြီးတော့ "ရန်ပွဲ အောင် ခဲ့ ပြီ အထွေးရေ့"လို့ ကြွေးကြော်ပြီး အထွေး ဆီကို ပြေးဝင်လာတယ်လို့မြင်တယ်မဟုတ် လား။ နောက်မနက် မိုးလင်းတော့လည်း ကျီးညိုညိုကလေးတစ်ကောင်ဟာ အထွေး ရှေ့ကိုလာပြီး တစ်ခွန်းတည်းအာလာတယ် မဟုတ်လား။ ဒီတော့အထွေးကသဇင်ပန်း နှစ်ခက်ကို ဘုရားမှာတင်ပြီး၊ ကိုပန်းညို ပြန်လာပါစေလို့ ဆုတောင်းတယ် မဟုတ် လား။ ဟော....ညနေ နေလည်းစောင်း ရော ကိုပန်းညိုလည်း ပြန်လာတာပဲ။ ဒီတစ်ခါလည်း ကိုပန်းညိုပြန်လာခါနီးလျှင် အထွေး ဒီလိုပဲ အိပ်မက်မက်ပြီး ဒီကျီး ညိုညို ကလေးလည်း အထွေးဆီကိုလာ အာမှာပေါ့။ အထွေး ဆုသာတောင်း။ ည နေ နေစောင်းလာလျှင် ကိုပန်းညို အထွေးဆီကို မြင်းညိုကြီးနဲ့ ချက် ချင်း ရောက်လာမှာပေါ့"

ထွေး။ ။ဒီတစ်ခါတော့ အိပ်မက် မှ မက်ပါ့မလား၊ ကိုပန်းညိုရယ်"

ညို။ ။"အော်.... အထွေးကလည်း ခက်လိုက်ပါဘိတော့။ မက်မှာပေါ့အထွေး ရဲ့၊ ဒီတစ်ခါ တိုက်ပွဲက ပြန် လာ လျှင် ကိုပန်းညို မိုလ်မှူးပဲလို့သာမှတ်လိုက်"

ထွေး။ ။"ကျီး ညို ညို က လေး က ကော၊ အထွေးဆီကို လာဦးမှာတဲ့လား"

ညို။ ။"အို....ဘာတွေများ စိတ်ကူး နေပါလိမ့်။ ကျီးညိုညိုကလေးလည်း လာ မှာပေါ့၊ အထွေးဘုရားမှာသာ ဆုတောင်း နေနှင့်ပါ၊ ကိုပန်းညို ပြန်လာမှာပါပဲ"

ကားတွင်းမှမောင်းသံ....ဒူ၊

ထွေး။ ။"ဟော" (မောင်ပန်းညို၏ ပခုံးနှစ်ဖက်ကို ချုပ်ကိုင်လိုက်စေ။)

ညို၊ ။"ဒီတစ်ခါ ပြန်လာလျှင်တော့ ကိုပန်းညိုမိုလ်မှူးပဲ။ ကိုပန်းညို မိုလ်မှူးဖြစ် လျှင် အထွေးလည်း မိုလ်မှူးကတော်ပေါ့ နော်၊ (မယ်ထွေး၏ လက်ကို ဖြည်းညှင်း စွာဖယ်ချရင်း) ကဲ....ကဲ ကိုပန်းညို သွား မယ်။ သွားပြီ အထွေးရေ့ သွားပြီ၊ ဆု သာ တောင်း နေ နှင့် ပေ ဖွ တော့" (ဝင်စေ။)

× ×

## ဇာတ်ကွက် ၅

[မောင်ပန်းညို ကွယ်ပျောက်သွားသော ထောင့်နေရာသို့ ငေးမောကာ သစ်ပင်၌မှီ၍ မယ်ထွေးကျန်ရစ်ခဲ့စေ။ ဦးရာကျော် ထွက် လာစေ။ဖြည်းညှင်းစွာအိမ်ရှေ့သို့ လျှောက် လာ၍ အိမ်ဘက်သို့ လှမ်းကြည့်စေ။]

ကျော်။ ။"ဟဲ့....အထွေးရေ"

ထွေး။ ။"ဘာဘ" (ဦးရာကျော်၏ ဝဲဘက်ပခုံးဆီသို့ မယ်ထွေးသွား၍ တွယ် လိုက်စေ၊)

ကျော်။ ။"အင်း.... စစ်တိုက်ကြဦး မလို့ထင်ပါရဲ့ မြေးရယ်"

ထွေး။ ။"ဘုရားဖူးဆို"

ကျော်။ ။(ခေါင်းခါလျက်) "ဘုရား ဖူးပြီးလျှင် ယိုးဒယားကို ချီတော်မူမယ်တဲ့၊ အလောင်းမင်းမှာလည်းကွယ်၊ စစ်ခွင်မှာ ချည်းပျော်နေတော့တာပဲ၊ အင်း"

"ထွေး။ ။ယိုးဒယားကို တိုက်မယ်"

ကျော်။ ။"အေး"

ထွေး။ ။"ယိုးဒယားဟာ သူ့တိုင်း ပြည်နဲ့၊ သူ့ရှင်ဘုရင်နဲ့ပဲမဟုတ်လား၊"

ကျော်။ ။"အေး"

ထွေး။ ။"သူ့ တိုင်းပြည်နဲ့ သူ့ ရှင် ဘုရင်နဲ့ဆိုလျှင်လည်း သူ့ဘာသာနေပါစေ လား။ ရန်သူလည်းမဟုတ်ဘဲနဲ့။ ဘုန်းတော် ကြီးဘုရားက ဘာပြုလို့ စစ်ပြုချင်ရတာလဲ ဘဘရဲ့"

ကျော်။ ။"အေး....အေး"

ထွေး။ ။"ဘုန်းတော်ကြီး ဘုရားမှာ၊ အင်းဝမြို့ကိုလည်း ပြန်ရပြီ။ ဟံသာဝတီကိုလည်း ပြန်သိမ်းပြီးပြီ၊ အကုန် နိုင်ပြီးမှပဲ၊ သူ့ဘာသာသူနေတဲ့ ယိုးဒယား ပြည်ကို၊ ဘာဖြစ်လို့ တိုက်ချင်ရတာလဲ ဘာဘရယ်"

ကျော်။ ။"တန်ခိုး ကြီးအောင်လို့၊ မြေးရေ့၊ တန်ခိုးကြီးအောင်လို့....တဲ့"

ထွေး။ ။"တန်ခိုး ကြီးပြီးတဲ့ လူများဟာ၊ တန်ခိုးထပ်ပြီး လိုချင်ရသေးသလား၊ ဘာဘရယ်"

ကားတွင်းမှ မောင်းသံ....ဒူး၊

ဦးကျော်သည် တောင်ဝှေးကိုတစ်ဖက်က ကိုင်၍ ခေါင်းငုံ့တွေဝေနေ၏၊ မယ်ထွေးသည် ဦးရာကျော်၏ပခုံးကို ထွယ်ထားရာမှ တဖြည်းဖြည်း လျောကျ၏။ ထို့နောက် ဒူးတုပ်လျက် လက်အုပ်ချီကာ ခေါင်းမော့ဆုတောင်းနေ၏၊ ဤပုံအတိုင်း တစ်မိနစ်ခန့် ဇာတ်ခုံဖုံပေါ်၌ရှိနေ၏။

[ကားလိပ်ချ]

[၁၉၃၃]

၁၉၃၃ ခုနှစ် ရန်ကုန်မြို့ မြို့မ တိုင်းရင်းသားကျောင်းရန်ပုံငွေကပွဲအတွက် ဖြစ်သော ကျောင်းကပွဲ၌ ပထမအကြိမ် ၁၉၃၆ ခုနှစ်မန္တလေးဥပစာသိပ္ပံ၌ ဒုတိယအကြိမ် ခင်းကျင်းပြသခဲ့ဖူးသည်။